# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date - 19/3/2022

**စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု**

**ကချင်ပြည်နယ်**

- မတ်လ ၁၉ ရက်နေ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မြစ်ကြီးနား-နမ္မတီးကားလမ်း (၂၁) မိုင်ဂိတ်ကို KIA,PDFမှ သွားရောက်တိုက်ခိုက်ရာ၌ တိုက်ပွဲပြင်းထန်ခဲ့ရာ စကစတပ်မှ ရဟတ်ယာဥ်ဖြင့် လာရောက်ပစ်ကူခဲ့ပြီး ထိခိုက်ကျဆုံးမသိရသေးကြောင်း သတင်းရရှိသည်။
- မတ်လ ၁၉ရက်နေ့ ကချင်ပြည်နယ်၊ ဟိုပင်မြို့နယ်၊ နန့်ရင်းချောင်း၊ နန့်မြန်းကျေးရွာအနီး စကစတပ်မှ ကား (၄) စီးဖြင့် စစ်ကြောင်းထိုးလာသောကြောင့် KIA,PDFတို့နှင့် တိုက်ပွဲပြင်းထန်နေပြီး နှစ်ဖက်ထိခိုက်ကျဆုံး မသိရသေးကြောင်း သတင်းရရှိသည်။

**ကရင်ပြည်နယ်**

- ၂၀၂၂ မတ်လ ၁၈ရက် ညပိုင်းမှ ၁၉ ရက်အထိ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် တောင်ပိုင်း အံဖကြီး ရဲကင်းစခန်းသို့ စစ်အင်အားတိုးရန် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်၊ နယ်ခြားစောင့်တပ်-BGF ပူးပေါင်းတပ်နှင့် KNLA ပူးပေါင်းတပ်ဖွဲ့များအကြား လက်နက်ကြီး၊ လက်နက်ငယ်ပစ်ခတ်မှုများဖြစ်ခဲ့ပြီး တိုက်ပွဲအခြေအနေ အသေးစိတ်ကိုမသိရကြောင်း သတင်းရရှိသည်။

**စစ်ကိုင်းတိုင်း**

- မတ်လ (၁၈)ရက်နေ့၊ ၁၁၀၀ချိန် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ဒီပဲယင်းမြို့၊ မြင်းတံကျေးရွာနှင့် ဒိုင်နက်ကျေးရွာရှိ စကစ တပ်သားများသည် မရကန်ကျေးရွာဘက်သို့ သွားရောက်စဉ် ဒီပဲယင်းမြို့နယ် ပကဖ ၊ ရွှေဘိုမြို့နယ် ပကဖ ၊ မဟာမိတ်စုပေါင်းတပ်ဖွဲ့တို့မှ မိုင်းဆွဲတိုက်ခိုက်၍၊ Drone ဖြင့် အကြိမ်ကြိမ် ဗုံးချတိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၁၀) ဦး သေဆုံးခဲ့ပြီး Drone (၁) စီး ဆုံးရှုံးသွားခဲ့ကြောင်း သတင်းရရှိသည်။
- မတ်လ( ၁၉) ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ချောင်းဦးမြို့၊ ကင်မွန်းတော်ကျေးရွာမှ အပြင်ထွက်လာသော စကစတပ်သားများနှင့် ပျူစောထီးများကို အောင်ဆန်းတပ်ဖွဲ့ ASF ၏ တပ်ခွဲ ၃၊ CHU PDF တို့မှ ကင်းပုန်းဝပ်တိုက်ခိုက်ခဲ့ရာပျူစောထီး (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။
- မတ်လ (၁၉) ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ယင်းမာပင်မြို့ ဖိုလ်ဝင် တောင်မြောက်ဘက်ရှိ ကားလမ်းမပေါ်တွင် စစ်ကြောင်းထိုးလာသော စကစ တပ်သားများကို မြောက်ယမားပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ၊ Monywa Truth of Force တို့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ကြောင်း သတင်းရရှိသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

- မတ်လ (၁၈) ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကလေးမြို့၊ ကြံသာကျေးရွာမှလာသော စကစတပ်သားများ၊ ပျူစောထီးများနှင့် CDF KKG တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး CDF KKG မှ ရဲဘော် (၁) ဦး ကျဆုံးခဲ့ကာ (၁) ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

- မတ်လ (၁၉) ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကလေးမြို့၊ ဟဲလုပ်ကျေးရွာ အနောက်ဘက် တောင်ပေါ်တွင် စကစတပ်သားများနှင့် CNDF ၊ ကလေးခရိုင် PDF တပ်ရင်း (၁) တို့ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

- မတ်လ (၁၉)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ကန့်ဘလူမြို့၊ ချပ်ကုန်းကျေးရွာမှ စကစ တပ်သား (၆၉) ဦးခန့်နှင့် ကန့်ဘလူခရိုင် PDF တပ်ရင်း (၂) တို့ နွာကုန်းကျေးရွာ-လျှော်ဖြူကုန်း ကျေးရွာကြားတွင် ထိတွေ့တိုက်ပွဲဖြစ်ပွားပြီး အချိန်တစ်နာရီခန့် အကြာတွင် တိုက်ပွဲပြီးဆုံးခဲ့ကာ စကစ တပ်သားများ (၁၀) ဦး ထက်မနည်းသေဆုံးခဲ့ပြီး အများအပြား ထွက်ပြေးဆုတ်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

- မတ်လ (၁၉)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ နမခမှလာသော စကစ ကား (၃)စီးသည် မုန်တော ကျေးရွာအနီးတွင် ဘုတလင်မြို့နယ်၊ ရပ်ကျေးဒေသခံပကဖနှင့် ဘုတလင်မြို့နယ်ပကဖတို့မှ မိုင်း (၃)လုံး ဖြင့် နေရာ (၃) နေရာတွင် ဖောက်ခွဲတိုက်ခိုက်ခဲ့ကာ စကစ၏ ကား (၁)စီး ပျက်စီးသွားခဲ့ပြီး ကျန် (၂)စီးသည် ငပယင်းကျေးရွာသို့ ဆက်လက်ထွက်ခွာစဉ် ဒီပဲယင်းမြို့နယ်ဒေသခံအဖွဲ့မှ မိုင်းဆွဲတိုက်ခိုက် ခဲ့။ ငပယင်းကျေးရွာမှ ဘုတလင်မြို့နယ်သို့အပြန်တွင်လည်း ဒေသခံကာကွယ်ရေးတပ်ဖွဲ့မှ မိုင်းဆွဲ တိုက်ခိုက်ခဲ့ပြီး ဘုတလင်မြို့နယ် ပကဖမှ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့။ စကစတပ်သား အများ အပြား ဒဏ်ရာရရှိခဲ့ပြီး ၎င်းနေရာတွင် စကစ၏ ကား (၂)စီး ရပ်တန့်ခဲ့။ မုံရွာနမခမှ စစ်ကူလာ သော စကစ၏ ကား (၂) စီးအား ဒေသခံကာကွယ်ရေးတပ်ဖွဲ့မှ မိုင်း (၃) လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့။ ဘုတလင်မြို့နယ် ပကဖမှလည်း ကံသစ်ကျေးရွာတောင်ဘက်တွင် ထပ်မံမိုင်းဆွဲတိုက်ခိုက်ခဲ့ရာ ကား (၁) စီး ပျက်စီးသွားခဲ့ပြီး ကျန်ကား (၁) စီးသည် ဘုတလင်မြို့ထဲသို့ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**<u>တနင်္သာရီတိုင်း</u>**

- မတ်လ (၁၈) ရက်နေ့၊ တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ လသာရွာအနီးတွင်ရှိသော စကစလက်အောက်ခံ ရဲဂိတ်တစ်ခုကို ဘက်မလိုက်ပြောက်ကျားအဖွဲ့မှ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စကစလက်အောက်ခံ ရဲ ၃ဦး အပြင်းထန်ဒဏ်ရာရရှိခဲ့ပြီး သေနတ်နှစ်လက်ရရှိခဲ့ကာ ယင်းပစ်ခတ်မှု ပြီးနောက် ဇဝဲရွာ အခြေစိုက် ခမရ ၅၅၆ တပ်ရင်းက စစ်ကူလာရောက်ပြီး လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ကြောင်း သတင်းရရှိသည်။
- မတ်လ (၁၉) ရက်နေ့၊ တနင်္သာရီမြို့နယ်၊ တနင်္သာရီမြို့၊ ကိုးအင်းရွာအနီး စကစနှင့် ဘက်မလိုက်ပြောက်ကျား အဖွဲ့တို့ တစ်နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစတပ်သား ၁ ဦးမိုင်းထိ သေဆုံး၍ ၃ ဦးဒဏ်ရာရခဲ့ကြောင်း သတင်းရရှိသည်။

*<u>မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။</u>*

**<u>မကွေးတိုင်း</u>**

- မတ်လ(၁၈)ရက်နေ့ မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ ပွင့်ဖြူမြို့ မဲဇလီရွာအနီးတွင် စကစတပ် နှင့် ပွင့်ဖြူ PDF တို့ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး ပွင့်ဖြူ PDF မှ အသံမိုင်း ၁ လုံးဖြင့် ဖောက်ခွဲပြီးသည့်နောက် ပေါက်ကွဲသည့် နေရာသို့ စကစတပ်သားများ ရောက်လာချိန်တွင် စတင်တိုက်ခိုက်ခဲ့ကာ စကစတပ်သား ၃ ဦးသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။
- မတ်လ (၁၉)ရက်နေ့ မကွေးတိုင်း၊ ဆောမြို့နယ်၊ ဆောမြို့ လောင်းရှည်မှ ဆောမြို့ဘက်သို့ စစ်ကြောင်းထိုးလာသည့် စကစ တပ်သား အင်အား- ၅၀ ဦးပါ စစ်ကြောင်းအား လောင်ရှည် PDF မှ ကြားဖြတ်တိုက်ခိုက်ခဲ့ပြီး စကစဘက်မှ တပ်သား- ၅ ဦးသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

**<u>ချင်းပြည်နယ်</u>**

- မတ်လ (၁၇)ရက်နေ့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ကလေး-ဟားခါးလမ်းပေါ်ရှိ နီပီးကျေးရွာသို့ စကစတပ်သားများ ရောက်ရှိလာသောကြောင့် ဒေသခံရွာသား (၂၀၀) ခန့် ထွက်ပြေးနေရကြောင်း သိရသည်။

**<u>ကရင်နီ(ကယား)ပြည်နယ်</u>**

- မတ်လ (၁၈)ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ တနီးလာလဲကျေးရွာသို့ စကစဘက်မှ လက်နက်ကြီးနှင့် ပစ်ခတ်မှုများကြောင့် ဒေသခံပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး နွားနှစ်ကောင်သေဆုံးသွားခဲ့ကြောင်း သိရသည်။
- မတ်လ (၁၉) ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ စက်မှုဇုံရပ်ကွက်တွင် စကစ ဘက်မှ လက်နက်ကြီးများနှင့် ပစ်ခတ်မှုများကြောင့် လူနေအိမ်တစ်လုံး ထိမှန် မီးလောင်သွား ခဲ့ကြောင်း သိရသည်။

**<u>မွန်ပြည်နယ်</u>**

- မတ်လ ၁၈ရက် ညနေပိုင်း မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရေးမြို့ ကျုံလောင်းရွာဟောင်းလမ်းတွင် စကစတပ်မှ ပစ်ခတ်မှုကြောင့် ဒေသခံ ပြည်သူတစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးဖမ်းဆီးခံရကြောင်း သိရသည်။

**<u>မန္တလေးတိုင်း</u>**

- မတ်လ (၄) ရက် မန္တလေးတိုင်း၊ မကျည်းစုကျေးရွာရှိ နို့စို့အရွယ်ကလေးနှင့် မိခင် ၆ဦးအပါအဝင် စုစုပေါင်း ၁၅ဦးအား လူသားဒိုင်းလုပ်မည့်သဘောဖြင့် စကစများ ဖမ်းခေါ်သွားပြီး ယခုရက်ပိုင်းတွင် တစ်ဦးကို ၃သိန်းဖြင့် ရွေးခိုင်းနေဟု သတင်းရရှိသည်။

*<u>မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။</u>*